## ၃။ ခေါင်းမဲဆစ်ပိုး

**Dark – head striped borer: *Chilo polychr*ysus (Meyrick, 1932)**

**Lepidoptera: Crambidae**




**ဖျက်ကောင်ပုံသဏ္ဍာန်များ**

လောက်ကောင်ငယ်ဘဝသည် မီးခိုးရောင်သန်းသော အဖြူရောင်နှင့် ထင် ရှားသော ခေါင်းမဲပါရှိကာ ရုပ်ဖုံး ဖြစ်ခါနီးလောက်ကောင်သည် နို့နှစ်ရောင်ပြောင်းကာ ခရမ်း ညိုရောင် အစင်းကြောင်းသည် ခန္ဓာကိုယ်တလျှောက် ထင်ရှားစွာပါရှိပါသည်။အကောင်ကြီးသည် အဖြူမှ အဝါဘက်သို့ ပြောင်းလဲပြီး အမသည် အထီး ထက် အရွယ်ကြီးကာ နောက်အတောင်မှာ အဖြူရောင်မှ နို့နှစ်ရောင်ရှိ ပါသည်။ အကောင်ကြီး(အထီး) ၏ရှေ့အတောင်မှာ ဝါညို ရောင်ရှိပြီးအနက်ရောင်အမှုန်အပြောက်လေးများနှင့်အနားတွင်အနက်စက်များရှိသည်။နောက် အတောင်မှာအဖြူရောင်ဖြစ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက်ကောင်များသည် ပင်စည် အတွင်းဝင်ရောက် စားသောက်သောကြောင့် အူပုတ် လက္ခဏာတွေ့ရပါသည်။ အထူးသဖြင့် ကြံပင်အဆစ်ပိုင်းအား တိုက်ခိုက် သော ကြောင့်

ကြီးထွားမှုအားနည်းကာ အပင်များပုကွကာ ဆက်လက်မကြီးထွားနိုင်တော့ပါ။ အရွက်များတွင် ပုံသဏ္ဍာန် မမှန်ခြင်းများတွေ့နိုင်ပါသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – **(၅)** ရက်

လောက်ကောင် အဆင့် – **(၃၀ – ၃၅)** ရက်

ရုပ်ဖုံး အဆင့် – **(၆ – ၉)** ရက်

အကောင်ကြီး အဆင့် – **(၂ – ၄)** ရက်

**ဘက်စုံကာကွယ်ကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ရိတ်သိမ်းချိန်တွင် မြေကြီးနှင့် ကပ်ပြီး ရိတ်ရန်၊ ရိုးပြတ်များမီးရှို့ပါ။

(၂)ပင်ကြွင်း ပင်ကျန်များကို ထယ်ထိုးထွန်မွှေပြီး နွေထယ် ရေးခံခြင်း(သို့) ထယ်ရေးနက်နက်ထွန်ပြီး ရေလွှမ်းပါ။

(၃)သဘာဝမိတ်ဆွေပိုးများထိန်းသိမ်းစေရန် ကန်သင်းပေါ်တွင် အဝါရောင်၊ အဖြူရောင် ပွင့်သော ပန်းပင်များစိုက်ပျိုးပါ။ (ရုံးပတီ၊နေကြာ၊ ခွေးသေးပန်း၊ဘိစပ်ပင်)

(၄)ရွှေ့ပြောင်းစိုက်ပြီး (၁)လခန့်မှစတင်၍ တစ်ကွင်းတစ်စပ်တည်း အပတ်စဉ်ငါးကြိမ် မီးထောင်ချောက် ထွန်းပါ။

(၅)စိုက်ခင်းအတွင်း ပိုးကျရောက်မှုကို အနည်းဆုံးတစ်ပတ်လျှင် တစ်ကြိမ် စစ်ဆေးပါ။

(၆) ပျိုး ခင်းမှ စိုက်ခင်းသို့ ဆစ်ပိုး ပါမသွားရန်ရွှေ့ပြောင်းမစိုက်မီ (၇–၁၀)ရက်အလိုတွင် ပျိုးခင်းတွင် ဖီပရိုနေး ၃ဂျီအာ (Fipronil 3GR) ထည့်ပါ။

(၇)ထိသေစားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းစာအတိုင်း ပက် ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ကာတက် ဟိုက်ဒရိုကလိုရိုက် (Cartap hydrochloride)
- အဆီဖိတ် (Acephate)
- ဖလူဗန်ဒိုင်ယာမိုက် (Flubendiamide)